## မာတိကာ


- ကိုမင်းကိုနိုင်၏အမှာစာ
- ကိုသက်ဝင်းအောင်၏ငယ်ဘဝပုံရိပ်တချို့ ၉

**အမှတ်တရကဗျာ**

- နောက်ဆုံးဆုတောင်း ကိုကိုကြီး ၁၂
- သက်ဝင်းအောင်ကိုအလေးပြု ဂျင်မီ ၁၄
- ကောင်းကင်စံပယ် ပြုံးချို ၁၆
- အတောက်ပဆုံးကြယ်သို့ မိုးသီးဇွန် ၁၇
- ဂုံ့ကော်ဝတ်ဆံလေးများ ကောက်နွယ်ကနောင် ၁၈
- သက်ဝင်းအောင်(သို့မဟုတ်)ငြိမ်းချမ်းရေးပိဉ္ဇည် နေခြည် ၂၀
- အမြဲရောင်တမ်းချင်း အရိုး(နတ်မောက်မြို့) ၂၅
- သူငယ်ချင်းများမတက်ရောက်လိုက်ရသော သူငယ်ချင်းတစ်ယောက်ရဲ့ရှာပန တာရာလင်းလက် ၂၆
- အနိုင်မခံ အရှုံးမပေး ပသက်အောင် ၃၀

**အမှတ်တရ ဆောင်းပါး**

- အောင်မြင်သော ငြိမ်းချမ်းရေးဖြင့် အရှုဝေမည် ဦးဝင်းမောင် ၃၂
- ကျွန်တော့်သူငယ်ချင်း ကုလားအုတ်တစ်ကောင်၏ ခြေရာများအားတွေ့ဆွေ့ကြည့်ခြင်း ကျော်စွာလင်း (မြန်မာစာ) ၄၀
- ကိုသက်ဝင်းအောင် (သို့မဟုတ်) ကျွန်တော်၏ဒဏ္ဍာရီ ကဲဆုသာ ၅၀
- ထိုလွှယ်ရှုလွှယ် ခံစားတတ်သူ မောင်မောင်စိုး(ဗဂိုအိမ်) ၅၇
- နေ့ရက်များ ပြုံးချို ၆၁
- စေမှသည် ရွှေ့ နောက် ရဲဘော်၏ညီငယ် အောင်ထွန်း ၆၇
- လမ်းရဲသယ်ဆောင်ရာ သီအို ၇၂
- မမှိန်မသင့်တဲ့သူ အေးအောင် ၇၄
- ကိုသက်ဝင်းအောင် မျိုးမင်းထိုက် ၇၉
- သူလိုသူငယ်ချင်း ဥမ္မာကျော် ၈၃
- ကိုသက်ဝင်းအောင် အမှတ်တရ မျိုးမင်းဇော် ၈၅
- ကျွန်မသိတဲ့ သက်ဝင်းအောင် ခင်မင်းဇော် ၁၀၃
- ဓနရဲ့နီရွှေရဲလက် သွေးတစ်စက် ဇော်သက်ထွေး ၁၀၉
- He was a hero and my friend မင်းဇင် ၁၀၃
- ကိုသက်ဝင်းအောင် ကျဆုံးခြင်းအတွက် ဝမ်းနည်းမှတ်တမ်း ၁၁၈
- ကိုသက်ဝင်းအောင်၏ ရှာပန အခမ်းအနား ဓာတ်ပုံမှတ်တမ်း ၁၂၆
- ကျဆုံးမှ ၆ နှစ်ပြည့် အမှတ်တရ အခမ်းအနား ကျင်းပသည့် ဓာတ်ပုံမှတ်တမ်း ၁၃၄
- အတ္ထုပ္ပတ္တိ အကျဉ်း ၁၄၀
- ဝေဒနာမီးအိမ် သီချင်း ၁၄၆




ညီလေး
မင်းရဲ့ ရိုးသားမှု
အနစ်နာခံမှုတွေနဲ့
ပေးဆပ်လိုက်တာ
ကမ္ဘာမြေဟာ
(ပြန်မဆပ်နိုင်တဲ့) အကြွေးတင်ခံလိုက်ရသူလို
'သိမ့်'ခနဲ ရှိုက်ငိုလိုက်ရှာတယ်

**မင်းကိုနိုင်**
၈၈ မျိုးဆက်ကျောင်းသား
၁၆၊ ၁၊ ၂၀၀၇။

သက်ဝင်းအောင်ရေ
သူရဲကောင်းဆိုတာ
တိုင်းပြည်ကို
ရှင်ခြင်းနဲ့ချစ်တတ်သလို
သေခြင်းနဲ့လည်း ချစ်တတ်တယ်
မှတ်မှတ်ရရ

**ကိုကိုကြီး**
၈၈ မျိုးဆက်ကျောင်းသား
၁၆၊ ၁၊ ၂၀၀၇။



ညီလေးရေ
ငါတို့အားလုံး လှမ်းခဲ့ကြတယ်
လှမ်းနေကြတယ်၊ ဆက်လှမ်းကြဦးမယ်
မြန်မာနိုင်ငံသားတွေအတွက် အမှန်တရားအတွက်
တရားမျှတခြင်းအတွက်
မင်း အမြဲတမ်းရှင်သန်နေဦးမယ်
ရှင်သန်နေမယ်
ငါတို့ရင်ထဲမှာ မင်းရဲ့ရဲရင့်တဲ့စွန့်လွှတ်ပေးဆပ်မှုဟာ
အင်အားတစ်ခုအဖြစ် အမြဲရှင်သန်နေမယ်

**ဌေးကြွယ်**
၈၈ မျိုးဆက်ကျောင်းသား
၁၆၊ ၁၊ ၂၀၀၇။



ညီလေးသက်ဝင်းအောင်
မင်းအတွက် ဂုဏ်ယူပါတယ်
ကျန်ခဲ့တဲ့တို့တစ်တွေ ဆက်လက်ပြီး
တာဝန်ကျေရစေမယ်လို့ ကတိပြုပါတယ်

**အုံ့ထွယ်ကျော်**
၈၈ မျိုးဆက်ကျောင်းသား
၁၇၊ ၁၀၊ ၂၀၀၆။

ကိုသက်ဝင်းအောင်
ရဲဘော်ရဲ့ကျဆုံးမှုကို
အားအဖြစ်ပြောင်းရင်း
ခရီးဆက်လျှက်



**နီလာသိန်း**
၈၈ မျိုးဆက်ကျောင်းသား

ခေတ်ပျောက်နေတဲ့လရောင်
လ က
အပြင်မှာ တစ်အားသာနေတော့
ငါ့ကိုယ်ကိုယ် ငါပြန်ရှာကြည့်မိတယ်
ဘာအဖြေမှ ထွက်မလာဘူး
စိတ်သောနဲ့ ဖွင့်ကြည့်မှ
တိတ်ဆိတ်တဲ့တံခါးမှာ
ပိတ်ထားတဲ့ညကို တွေ့ရတယ်

**နေခြိုး**

နင့်အတွက်
ငါ့ရဲ့ဝမ်းနည်းမှုက
စကားလုံးတွေ ဖော်ပြလို့မရဘူးဟာ

**နိုးဝယ်**
၁၇၊ ၁၀၊ ၂၀၀၆။



ကိုသက်ဝင်းအောင်
အစ်ကိုရဲ့အပြုံးတွေဟာ ကျွန်တော့်ရဲ့နှလုံးသားထဲမှာ
ထာဝရရှိနေမှာပါ
အစ်ကိုအတွက် ဂုဏ်ယူပါတယ်

**ညီထွေး**
၁၇၊ ၁၀၊ ၂၀၀၆။

သူငယ်ချင်း
ကြယ်တွေကြွေကြွေကျနေတဲ့ ကောင်းကင်အောက်မှာ
ငါတို့နေခဲ့ကြတယ်
အခုတော့
ကြယ်တွေအားလုံး ကြွေကျသွားတဲ့
ကောင်းကင်အောက်မှာ
ငါတစ်ယောက်တည်း

**နန်းနွယ်**

ကိုသက်ဝင်းအောင်
ဒါမျိုးတွေ ကြုံတွေ့ရမယ်ဆိုတာ
ခင်ဗျားတို့ ကျွန်တော်တို့သိပြီးသားပါ
ဒါပေမယ့် မကြောက်ကြပါဘူး
သတိတရ ရှိနေမှာပါ



**မောင်မောင်မြင့်**
၁၇၊ ၁၀၊ ၂၀၀၆။

သက်ဝင်းအောင်
ငါ့ရင်ထဲလာလင်းသွားတဲ့
ကြယ်တစ်ပွင့်

**ရန်အောင်စိုး**